## The Epiphany of the Lord - C

**1st READING:** ***Is 60:1-6***
ဟေရှာယအနာဂတ္တိကျမ်း ၆၀း ၁ - ၆

အချင်းဂျေရုဇလင်ထလော့၊- ထွန်းလင်းတောက်ပလော့၊ အကြောင်းမူကားသင်၏အလင်းတော်သည်ရောက်လာလေပြီ၊- သခင်ဘုရား၏ဘုန်းတော်သည်သင့်အပေါ်၌ပေါ်ထွန်းလေပြီ၊ ကြည့်လော့။ မှောင်မိုက်သည်ကမ္ဘာမြေကြီးကိုလည်းကောင်း၊- မြူခိုးတို့သည်လူမျိုးတို့ကိုလည်းကောင်း၊ ဖုံးလွှမ်းလိမ့်မည်၊- သင့်အပေါ်၌မူကားသခင်ဘုရားပေါ်ထွန်းလိမ့်မည်၊- ကိုယ်တော်၏ဘုန်းတော်ကိုသင်တို့မြင်ကြရလိမ့်မည်၊- လူမျိုးတို့သည်ကိုယ်တော်၏အလင်းတော်သို့လည်းကောင်း၊ရှင်ဘုရင်တို့သည်ကိုယ်တော်ပေါ်ထွန်းသောရောင်ခြည်အောက်သို့လည်းကောင်း၊လာကြလိမ့်မည်၊သင်၏ပတ်ဝန်းကျင်ကိုမျှော်လျက်ကြည့်လော့၊ ခပ်သိမ်းသောသူတို့သည်စုရုံး၍သင့်ထံသို့လာကြ၏၊-သင်၏သားတို့သည်အဝေးမှလာကြ၏၊-သင်၏သမီးတို့သည်ပတ်ဝန်းကျင်မှပေါ်ထွန်းကြလိမ့်မည်၊ထိုအခါသင်သည်မြင်ရ၍ကုံလုံကြွယ်ဝလိမ့်မည်၊သင်၏နှလုံးသည်တုန်လှုပ်တက်ကြွ၍သင်သည်အံ့ဩလိမ့်မည်၊ကြောင်းမူကားပင်လယ်သမုဒ္ဒရာ၏ကြီးမားသောအင်အားသည်သင့်ဘက်သို့ပြောင်းလဲလာလိမ့်မည်၊တန်ခိုးကြီးသောလူမျိုးတို့သည်လည်းသင့်ထံသို့လာကြလိမ့်မည်၊- မာဒီယန်နှင့်အေဖါမှကုလားအုပ်များသည်အစုလိုက်အပြုံလိုက်သင်၏နေရာကိုဖုံးလွှမ်းကြလိမ့်မည်၊- ရှေဘပြည်သားအပေါင်းတို့သည်ရွှေနှင့်လော့ဗန်ကိုယူဆောင်လာ၍သခင်ဘုရားအားချီးမွမ်းဩဘာပေးကြလိမ့်မည်။-

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm  Psalms  72:1-2, 7-8, 10-11,12-13**
**ဆာလံ - ၇၁**

**သံပြိုင်။   ။ အိုသခင်၊-ကမ္ဘာပေါ်ရှိလူမျိုးအပေါင်းတို့သည် ကိုယ်တော်ကို ကိုးကွယ်ကြပါလိမ့်မည်၊-**

၁။ ။ အိုဘုရားသခင်ဘုရင့်သားတော်အားတရားစီရင်ဆုံးဖြတ်ပိုင်ခွင့်ကိုပေးတော်မူ၍ဖြောင့်မတ်စွာတရားစီရင်စေတော်မူပါ၊- ထိုမင်းသည်ကိုယ်တော်၏လူမျိုးတော်တို့ကိုဖြောင့်မတ်ခြင်းနှင့်လည်းကောင်း၊ ကိုယ်တော်၏ဆင်းရဲသားတို့ကိုတရားမျှတခြင်းဖြင့်လည်းကောင်း၊ အုပ်စိုးတော်မူပါစေ။- **(သံပြိုင်)**

၂။ ။ ထိုဘုရင်၏လက်ထက်တော်၌ဖြောင့်မတ်ခြင်းတရားထွန်းကားလိမ့်မည်၊လသာသမျှကာလပတ်လုံးငြိမ်းချမ်းသာယာခြင်းရှိလိမ့်မည်၊ ပင်လယ်မှပင်လယ်သို့လည်းကောင်းမစ်ကြီးမှသည်မြေကြီးစွန်းတိုင်အောင်လည်းကောင်း၊ အုပ်စိုးတော်မူလိမ့်မည်၊- **(သံပြိုင်)**

၃။ ။ တာဆီဘုရင်နှင့်ကျွန်းငယ်များ၏ဘုရင်တို့သည်အခွန်တော်များဆက်သကြလိမ့်မည်၊ အာရပ်ဘုရင်များနှင့်ရှေးဘုရင်များတိုသည်လည်းလက်ဆောင်ပဏ္ဏာများဆက်သကြလိမ့်မည်၊- ထိုမျှမကဘုရင်အပေါင်းတို့သည်ရှေ့တော်၌ပျပ်ဝပ်၍ခပ်သိမ်းသောလူမျိုးတို့သည်အမှုတော်ကိုထမ်းကြလိမ့်မည်၊- **(သံပြိုင်)**

၄။ ။ အကြောင်းမူကားငတ်မွတ်၍တောင်းလျှောက်သူကိုလည်းကောင်း၊ခိုကိုးရာမဲ့ဆင်းရဲသားကိုလည်းကောင်း၊ ကယ်ချွတ်တော်မူလိမ့်မည်၊ ဆင်းရဲသောသူနှင့်ငတ်မွတ်သောသူကိုသနား၍ငတ်မွတ်သောသူတို့၏အသက်ကိုကယ်တင်တော်မူလိမ့်မည်။- **(သံပြိုင်)**

## 2nd READING: *Eph 3:2-3a, 5-6*

ဖေက်ဆွသဝါဒစာ ၃း၂–၃၊ ၅–၆

ညီအစ်ကိုတို့၊-

ဘုရားသခင်သည်သင်တို့အားမိမိကျေးဇူးတော်များကိုဝေငှပေးရန်ကျွန်ုပ်အားတာဝန်ပေးခဲ့ကြောင်းကိုလည်းကောင်း၊ ဗျာဒိတ်တော်ပေးခြင်းဖြင့်နက်နဲရာများကိုကျွန်ုပ်နားလည်ခွင့်ရခဲ့ကြောင်းကိုလည်းကောင်း၊သင်တို့အသိပင်ဖြစ်ကြသည်၊ယခုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်မိမိတပည့်တော်ကြီးများနှင့်ပရောဖက်တို့အားဗျာဒိတ်ပေး၍ဖွင့်ပြခဲ့သောနက်နဲရာအချက်တို့ကိုမည်သည့်လူမျိုးကိုမျှမပြခဲ့ပေ၊-ထိုနက်နဲရာအချက်ဟူမူကားဂျူးလူမျိုးများနှင့်အတူအခြားလူမျိုးတို့သည်လည်းဧဝံဂေလိတရားတော်အားဖြင့်အမွေခံဘက်များဖြစ်ကြောင်းခန္ဓာတော်တစ်ခုတည်း၏အင်္ဂါအစိပ်အပိုင်းများဖြစ်ကြောင်းနှင့်ဘုရားသခင်ကတိထားတော်မူသောအရာများကိုခရစ်တူးသခင်၌ခံယူရမည့်သူများဖြစ်ကြောင်းဟူသတည်း၊-

ဤသည်ကား ဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း၊

**GOSPEL:** ***Mt 2:1-12***

**ရှင်မာတေဦး ဧဝံဂေလိကျမ်း ။ ၂ း ၁-၁၂**

ယုဒပြည်ဘက်သလေဟင်မြို့၌ဟေရုဒ်မင်းကြီးလက်ထက်ယေရှုဖွားတော်မူပြီးနောက်မင်းပညာရှိတို့
သည်အရှေ့ပြည်ကဂျေရုဇလိင်မြို့သို့ရောက်လာကြလျှင်ယခုဖွားတော်မူသောယုဒဘုရင်အဘယ်မှာရှိ
သနည်း၊သူ၏ကြယ်ကိုအရှေ့ပြည်၌ငါတို့မြင်ရသောကြောင့်သူ့ကိုရှိခိုးအံ့သောငှရောက်လာကြသည်ဟု
ပြောဆိုကြ၏၊ထိုစကားကိုဟေရုဒ်မင်းကြီးကြားလျှင်ကိုယ်တိုင်မှစ၍ဂျေရုစလိင်မြို့တစ်မြို့လုံးစိတ်မသာ
ပူပန်ခြင်းသို့ရောက်သဖြင့်၊ရဟန်းအကြီးအကဲတို့နှင့်လူတို့တွင်ကျမ်းတတ်ဆရာရှိသမျှတို့ကိုစုရုံး၍အ
ဘယ်အရပ်၌ခရစ္စတူးဖွားအံ့နည်းဟုမေးမြန်းလေ၏- ထိုသူတို့ကလည်းယုဒပြည်ဘက်သလေဟင်မြို့၌
ဖွားတော်မူလိမ့်မည်၊ အကြောင်းမူကားပရောဖက်ရေးထားချက်ဤသို့ရှိသည်၊ အချင်ယုဒဘက်သလေ
ဟင်မြို့ယုဒမြို့တော်တို့တွင်သင်သည်အငယ်ဆုံးမဟုတ်၊ အကြောင်းမူကားသင်၏အထဲမှငါ၏လူမျိုး
အစ္စရေးကိုအုပ်စိုးရသောအရှင်ပေါ်ထွန်းလတ္တံ့ဟုလျှောက်ထားကြ၏၊- ထိုအခါဟေရုဒ်သည်မင်းပညာ
ရှိတို့ကိုမထင်မရှားခေါ်၍ထိုသူတို့မြင်ရသောကြယ်ပေါ်ထွန်းသည့်အချိန်ကိုသေချာစွာစစ်ဆေးပြီးမှသင်
တို့သွား၍သူငယ်တော်အကြောင်းကိုမေးမြန်းကြလော့၊တွေ့မြင်ရလျှင်ငါသည်လည်းသွား၍သူ့ကိုရှစ်ခိုးရ
မည့်အကြောင်းငါ့ထံကြားပြောကြလော့ဟုမှာထားလျက်သူတို့ကိုဘက်သလေဟင်မြို့သို့စေလွှတ်လေ
၏၊- ထိုသူတို့သည်မင်းကြီးစကားကိုနာခံပြီးထွက်သွားကြလေသည်၊- အရှေ့ပြည်၌မြင်ရသောကြယ်
သည်သူတို့ရှေ့ကသွားသဖြင့်သူငယ်တော်ရှိရာအရပ်သို့ရောက်၍အပေါ်၌ရပ်လျက်တည်နေလေ၏၊-
ကြယ်ကိုမြင်ရမှအလွန်ဝမ်းမြောက်ဝမ်းသာခြင်းရှိကြလေ၏၊- အိမ်သို့ဝင်ကြလေသော်မယ်တော်မာရီ
ယားနှင့်အတူသူငယ်တော်ကိုတွေ့မြင်ရ၍ပျပ်ဝပ်လျက်ကိုယ်တော့်ကိုရှိခိုးပြီးမှမိမိတို့ဘဏ္ဍာထုပ်ကိုဖွင့်
ကြ၍ရွှေ၊ လော်ဗန်၊ မီးရားအလှူကိုကပ်လှူပူဇော်ကြလေ၏၊- ထို့နောက်ဟေရုဒ်ထံသို့မပြန်ရမည့်အ
ကြောင်းအိပ်မက်တွင်ဗျာဒိတ်တော်ခံရ၍မိမိတို့ပြည်သို့အခြားသောလမ်းဖြင့်ပြန်သွားလေကုန်၏၊-

ဤသည်ကားခရစ္စတူးသခင်၏နှုတ်ကပါဌ်တော်ပေတည်း၊

"လမ်းညွှန်ကြယ်လေးများ "

ချစ်စွာသောဓမ္မမိတ်ဆွေအပေါင်းတို့၊- ကျွန်ုပ်တို့သည်ကြယ်လေးများကိုကောင်းကင်ယံထက်မှာမကြာမကြာတွေ့ဖူးကြပေလိမ့်မည်၊- အထူးသဖြင့်လကွယ်ညမျိုးတွင်ကြယ်လေးများ၏ရောင်စဉ်များမှာပိုမိုတောက်ပလျှက်ရှိတတ်ကြပါသည်၊- ကောင်းကင်မှထိုကြယ်လေးများ၏အနေအထားကမ္ဘာဂြိုလ်နှင့်အနီးအဝေး၊ အရပ်ဒေသအပြောင်းအရွေ့စသည်တို့ကိုလေ့လာအကဲခတ်ကာနက္ခပညာရှင်များကကမ္ဘာမြေကြီး၏ကံကြမ္မာကိုခန့်မှန်းတွက်ချက်တတ်ကြပါသည်၊- အကြောင်းမှာထိုကြယ်လေးများသည်လူ့လောကကြီးနှင့်ဆက်စပ်လျက်ရှိကြသောကြောင့်ပင်ဖြစ်ပါသည်၊မှန်ပါသည်၊- ရှေးယခင်ကသဲကန္တာရ၌ခရီးသွားကြသောသူတို့သည်နေ့အချိန်တွင်ခရီးမသွားကြပါ၊- အကြောင်းမှာသဲကန္တာရ၏အပူဒါဏ်ကပြင်းထန်လွန်းသောကြောင့်ဖြစ်ပါသည်၊- ထို့ကြောင့်ညအချိန်ခရီးသွားကြရပါသည်၊ ထိုအခါသဲကန္တာရ၌လမ်းမပျောက်ရအောင်ကောင်းကင်မှကြယ်တာရာလေးများကိုအမှတ်အသားပြုကာခရီးသွားကြရပါသည်၊- ထိုသို့သောပူပြင်းခြောက်သွေ့သည့်သဲကန္တာရမျိုး၌ကောင်းကင်မှကြယ်တာရာများသည်ခရီးသွားများအတွက်လိုရာခရီးကိုအရောက်ပို့ဆောင်ပေးသည့်လမ်းကြယ်လေးများပင်မဟုတ်ပါလား၊ ချစ်စွာသောဓမ္မမိတ်ဆွေအပေါင်းတို့၊လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော်ကလည်းကောင်းကင်မှထူးဆန်းအံ့ဖွယ်ကောင်းသောကြယ်တံခွန်တော်ကြီးတစ်လုံးပေါ်ထွန်းခဲ့ပါသည်၊ယင်းအံ့ဖွယ်ကြယ်တံခွန်ကြီး၏လမ်းညွှန်မှုကြောင့်အရှေ့အရပ်မှမင်းပညာရှိသုံးပါးသည်လောက၏ဘုရင်ကယ်တင်ရှင်ခရစ်တော်ဘုရားကိုဖူးတွေ့ခွင့်ရကြပါသည်၊- လူတိုင်းမိမိသွားလိုရာခရီးကိုချောမောစွာရောက်ရှိစေဖို့အတွက်လမ်းညွှန်မှုတွေလိုအပ်ပါသည်၊- ထိုလမ်းညွှန်မှုသည်လူပုဂ္ဂိုလ်သို့မဟုတ်လမ်းညွှန်စာအုပ်၊ မြေပုံအစရှိသည်တို့ဖြစ်နိုင်ပါသည်၊- ထိုသို့သောလမ်းညွှန်မှုများမိမိလက်ဝယ်ထားရှိပါက၊- မိမိသွားလိုရခရီးကိုအချိန်တိုတိုနှင့်အခက်အခဲကင်းဝေးကာရောက်နိုင်ပါသည်၊- ယနေ့သည်ကား"မင်းပညာရှိသုံးပါး" ပွဲကိုကျင်းပကြပါသည်၊- မင်းပညာရှိတို့သည်ကောင်းကင်မှကြယ်တာရာ၏လမ်းညွှန်မှုဖြင့်ခရစ်တော်မွေးဖွားရာကိုအရောက်သွားကြပါသည်၊- သို့သော်လမ်းခုလပ်တွင်ကောင်းကင်ကကြယ်တာရာကြီးသည်မိမိတို့၏မြင်ကွင်းမှကွယ်ပျောက်သွားခဲ့ပါသည်၊သို့သော်မင်းပညာရှိသုံးပါးတို့ကမူစိတ်ဓါတ်မကျပဲဆက်လက်ကြိုးစားခဲ့ကြပါသည်၊- ထို့ကြောင့်လည်းကြယ်တံခွန်၏လမ်းညွှန်မှုကိုပြန်လည်ရရှိကြကာကယ်တင်ရှင်ခရစ်တော်ဘုရားကိုဖူးတွေ့ခွင့်ရခဲ့ကြခြင်းဖြစ်သည်၊- ချစ်စွာသောဓမ္မမိတ်ဆွေအပေါင်းတို့၊ ကြယ်တံခွန်ကလည်းမင်းပညာရှိတို့အားကယ်တင်ရှင်မွေးဖွားရာနေရာကိုတိတိကျကျလမ်းညွှန်မှုပေးနိုင်ခဲ့ပါသည်၊- ထို့အတူဟေရုဒ်ဘုရင်ကြီးသည်လည်းကယ်တင်ရှင်ဖွားမြင်တော်မူသောနေရာကိုတိကျစွာလမ်းညွှန်မှုပေးနိုင်ခဲ့ပါသည်၊- သို့သော်ကောက်ကျစ်သည့်စိတ်ထားဓါတ်ခံရှိသည့်အတွက်ကယ်တင်ရှင်သည်မိမိ၏လက်တစ်ကမ်းတွင်ရောက်နေပါလျက်ဖူးတွေ့ခွင့်မရလိုက်ခဲ့ပါ။ ထို့ကြောင့်ဤ "မင်းပညာရှိသုံးပါး" ပွဲနေ့တွင်ကျွန်ုပ်တို့သည်လူတိုင်းအားကယ်တင်ရှင်ကိုဖူးတွေ့နိုင်သောအခွင့်ထူးလေးများကိုဖန်တည်းပေးသောကြယ်တာရာလေးများဖြစ်နိုင်အောင်ကြိုးစားစေချင်ပါသည်၊- ထို့အတူကယ်တင်ရှင်တည်ရှိရာနေရာကိုမကောင်းသောစိတ်ထားအခံနှင့်လမ်းညွှန်မှုပေးသည့်ဟေရုဒ်ဘုရင်ကြီးကဲ့သို့မဖြစ်ရအောင်လည်းကြိုးစားကြပါစို့လို့တိုက်တွန်းလိုက်ရ ပါသည်။